# ရွေးကောက်တော်မူခြင်း/ ကြိုတင်ရွေးကောက်တော်မူခြင်း

## The Doctrine of Election / Predestination

***အဘယ်ကြောင့် တစ်ချို့ရွေးကောက်ခြင်းခံရပြီး တစ်ချို့ကို မရွေးကောက်ရသနည်း။?***

မြောက်များစွာသောလူတို့သည် နှုတ်ကပတ်တော်နှင့်ဘုရားသခင်အပေါ်တွင် လွဲမှားသော ထင်မြင်ယူဆချက် (၂)ရပ်ကို ထားရှိကြပါသည်။

***၁။ ကြိုတင်ရွေးကောက်ခြင်း(၂)မျိုး*** . . . . . ဘုရားသခင်သည် တစ်ချို့သော်သူတို့ကို ကောင်းကင်နိုင်ငံအတွက် ရွေးချယ်ပြီး တစ်ချို့ကို ငရဲခံရန် ရွေးချယ်ထားဟု နားကြသူများ ရှိပါသည်။ အချုပ်ဆိုလျှင် လူတစ်ဦးသည် နောက်ဆုံးငရဲသို့ ရောက်ရှိခြင်းသည် ဘုရားသခင်၏ မှားယွင်းခြင်းကြောင့် ဖြစ်သည်ဟု သွန်သင်ကြပါသည်။ ဤခံယူချက်သည် ***John Calvin (1509-1564)***၏ သွန်သင်ချက် ဖြစ်ပါသည်။

***၂။ ဆုံးဖြတ်လက်ခံခြင်း အယူအဆ*** . . . . . လူတိုင်းတွင် သခင်ယေရှုကို ကယ်တင်ပိုင်ရှင်အဖြစ် ရွေးချယ်ခွင့်(သို့)လက်ခံနိုင်စေနိုင်သော တက်စွမ်းနိုင်မှု၊ ဆင်ခြင်တုံတရား လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်များရှိသည်။ ကယ်တင်ခြင်းဆိုသည်မှာ လူသားအားလုံးကို ဘုရားသခင်မှပေးအပ်သော ဆုကျေးဇူးဖြစ်ပြီး လူတို့အနေဖြင့် ငြင်းပယ်ပိုင်ခွင့် (သို့) လက်ခံပိုင်ခွင့်ရှိနေသည်ဟု သွန်သင်ကြပါသည်။ ကျိုးကြောင်းဆင်ခြင်တုံတရားအရ ယင်းအချက်သည် ရှင်းရှင်းလင်းလင်း ဖော်ပြထားသော နှုတ်ကပတ်တော်နှင့်လုံးလုံးဆန့်ကျင်လျှက် ရှိနေပါသည်။ ဤအယူအဆကို ***Jacob Arminius (1559-1609)***က သွန်သင်ပြီး ***Reformed*** အသင်းတော်များတွင် သွန်သင်လျှက် ရှိနေပါသည်။

နှုတ်ကပတ်တော်၏ အစိတ်အပိုင်းတစ်ခုကို အထူးအလေးပြုလိုက်သောအခါ တစ်ခြားတစ်စိတ်အပိုင်းတစ်ခုသည် နိမ့်ကျတန်ဘိုးမဲ့သွားတတ်ပြီး လုံးလုံးလှစ်လျူရှုရာရောက်တတ်ပါသည်။ လူသား၏ ကျိုးကြောင်းဆင်ခြင်တုံတရားအားဖြင့် နှုတ်ကပတ်တော်ကို ခံယူသောအခါ ဘုရားသခင်၏လမ်းတော်နှင့် ဘုရားသခင်၏ တွေးတောမှုတို့သည် လူသားတို့ထက် အဆမတန်မြင့်မားနေသည် ဟူသော အခြေခံပြသနာတစ်ရပ် ပေါ်ပေါက်လာပါသည်။ **ဟေရှာယ ၅၅ း ၉**

တစ်ချို့ကယ်တင်ခြင်းရရှိပြီး တစ်ချို့မရရှိသနည်းဟူသော မေးခွန်းကို***Jacob Arminius***သည် ဘုရားသခင်မှ အပြစ်သားများအတွက် လမ်းညွှန်ဖော်ပြကာ လူ၏တတ်စွမ်းနိုင်မှု အလိုဆန္ဒနှင့်ကိုယ်ပိုင်လက်ခံယုံကြည်ပိုင်ခွင့် ဆိုင်သော ကျမ်းပိုဒ်များကို စုစည်းပြီး ကျဉ်းမြောင်းသောအမြင်ဖြင့် ခံယူထားပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် မိန့်မှာချက်များ၊ မကောင်းမှုကိုမပြုရန်နှင့် ကောင်းမှုကိုသာပြုရန် မိန့်မှာချက်များနှင့် ပြည့်နေသည်မှာအမှန်ပင် ဖြစ်ပါသည်။

အထက်ကိစ္စကို ဖော်ပြပါကျမ်းပိုဒ်များတွင် အပြစ်တရား၌ကျဆုံးခဲ့သော လူသားမျိုးနွယ်တွင် ယုံကြည်နိုင်စေသော ကိုယ်ပိုင်တတ်စွမ်းနိုင်မှုနှင့် ဆုံးဖြတ်လက်ခံနိုင်မှုရှိသည်ဟု မဖော်ပြထားပါ။ သမ္မာကျမ်းစာကမူ ယင်းအချက်နှင့် ဆန့်ကျင်လျှက် ဖော်ပြထားပါသည်။

***Jacob Arminius***သည် ကယ်တင်ခြင်းအတွက် ရွေးကောက်ခြင်း/ကြိုတင်သတ်မှတ်ထားခြင်း နှင့်စပ်ဆိုင်သော ကျမ်းပိုဒ်များကို အထူးအလေးထားဖတ်လေ့လာပြီး နောက်ဆုံးတွင် လူသား၏ကျိုးကြောင်းဆင်ခြင်တုံတရားအားဖြင့် သုံးသပ်လျှက် ကယ်တင်ခြင်းမရရှိသော သူများသည် ဘုရားသခင်မှ ငရဲကျခံစေရန် ရွေးချယ်/ရွေးကောက်/ကြိုတင်ရွေးထားသူများ ဖြစ်သည်ဟု သွန်သင်ခဲ့ပါသည်။

***DR. Martin Luther*** က ယင်းကို ***အလိုဆန္ဒ၌ ချုပ်နှောင်ခံရသူများ***ဟု စာအုပ်ရေးသားခဲ့ပါသည်။

တစ်ချို့ကယ်တင်ခြင်းရပြီး တစ်ချို့အဘယ်ကြောင့် မရသနည်းဟူသော မေးခွန်းကို လေ့လာရာတွင် ဘုရားသခင်၏ အမှန်တရားကို သိရှိရေးအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာတစ်ခုလုံးကို ချဉ်းကပ်လေ့လာရပါမည်။ ယင်းအဖြေကို ကျွန်တော်တို့အောက်ပါမေးခွန်း(၆)ခုကို လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။

***၁။ အပြစ်သားအားလုံးတို့သည် သခင်ယေရှုကို ယုံကြည်ခြင်း/လက်ခံခြင်းအားဖြင့် ကယ်တင်ခြင်း ရပါ***

*သလား။?*

*၂။ အပြစ်သားများထံတွင် ကိုယ်တိုင်ယုံကြည်နိုင်လောက်သော တတ်စွမ်းနိုင်မှု/လွတ်လပ်သော အလိုဆန္ဒ ရှိပါသလား။?*

*၃။ ဘုရားသခင်သည် အပြစ်သားအားလုံးကို ယုံကြည်ခြင်းရှိရန် အလိုတော်ရှိပါသလား။?*

*၄။ ဘုရားသခင်သည် အပြစ်သားများကိုငရဲသို့သာသွားရန်အတွက် ရွေးကောက်/ကြိုတင် ရွေးကောက် ထားပါသလား။?*

*၅။ ဘုရားသခင်သည် အပြစ်သားများကို ကောင်းကင်နိုင်ငံတော်သွားရန် ရွေးကောက်/ကြိုတင်ရွေးကောက် ထားပါသလား။?*

*၆။ အပြစ်သားတစ်ဦးသည် ယုံကြည်နိုင်သည့် အရည်အချင်း၊ အစွမ်းရှိပါသလား။?*

***၁။ အပြစ်သားအားလုံးတို့သည် သခင်ယေရှုကို ယုံကြည်ခြင်း/လက်ခံခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိပါသလား?***

ဓမ္မသစ်ကျမ်းတွင် မည်သည့် ပုဂ္ဂိုလ်မဆို သခင်ယေရှုကို ယုံကြည်လျှင် ထာဝရအသက်ရမည်ဟု မြောက်များစွာ ကျမ်းပိုဒ်တို့တွင် ဖေါ်ပြထားပါသည်။

***ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော ၃ း ၁၆***

ဤကျမ်းပိုဒ်သည် ကမ်းလှမ်းချက်တစ်ခုဖိတ်ခေါ်ချက်တစ်ရပ် မဟုတ်ဘဲ အမှန်ဖြစ်သော အကြောင်းအရာတစ်ခုကို ဖော်ပြခြင်းသာ ဖြစ်ကြောင်း လေ့လာနိုင်ပါသည်။

ထို့ပြင် ***ယော ၁ း ၁၂*** တွင်လည်း မည်သူမဆို သခင်ယေရှုကို လက်ခံပါက ကိုယ်တော်နှင့်သက်ဆိုင်သောသူ ဖြစ်မည်ဟု သင်ကြားကြပါသည်။

***'ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏ '*** ဤကျမ်းပိုဒ်တွင်လည်း သခင်ယေရှုကို ယုံကြည်နိုင်ရန် လူ၏တတ်စွမ်းနိုင်စွမ်း ပါဝင်သည်ဟု ဆိုလိုခြင်းမဟုတ်ပဲ အမှန်ဖြစ်သောအကြောင်းအရာတစ်ခုကို ဖော်ပြခြင်းသာဖြစ်ကြောင်း သိရှိရန် လိုအပ်ပါသည်။

***ယော ၅ း ၂၄*** တွင် ထပ်မံ၍ အမှန်ဖြစ်သော အကြောင်းအရာတစ်ခုကို တွေ့ရှိရပြီး တစ်စုံတစ်ဦး၏ တတ်စွမ်းနိုင်မှု အရည်အချင်းဖြင့် ကိုယ်တော်ကို ယုံကြည်နိုင်သည်ဟု ဖေါ်ပြမထားပါ။

***ငါအမှန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။***

***ယော ၁၁ း ၂၅-၂၆*** နှင့် ***ယော ၆ း ၄၀*** တို့သည် အမှန်ဖြစ်သောအကြောင်း အရာတစ်ရပ်(သို့) လူ၏ ကိုယ်တော်ကို ယုံကြည်နိုင်သော တတ်စွမ်းမှု အရည်အချင်းကို ဖော်ပြခြင်းလား။

***ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလော . . . . . သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်းငှာလည်းကောင်း အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ ထိုသူတို့ကို ထမြောက်စေမည်ဟု မိန့်တော်မူလေ၏။***

ကျွန်တော်တို့ကျမ်းချက်ပေါင်းများစွာတွင် 'ဘုရားသခင်လည်း အပြစ်သားများကို သခင်ယေရှုကို ယုံကြည်ရန်

မိန့်တော်မူသည်ကို ဖတ်ရှုရသော်လည်း အပြစ်သားသည် သခင်ယေရှုကို ယုံကြည်နိုင်သော တတ်စွမ်းနိုင်မှု အရည်အချင်းရှိသည်ဟု မည်သည့်ကျမ်းချက်မှ မဖော်ပြထားပါ။ အထက်ပါကျမ်းချက်တိုင်းသည် အမှန် ဖြစ်သည့် အကြောင်းအရာကိုသာ ဖော်ပြနေခြင်း ဖြစ်ပါသည်။

*ဘုရားသခင်၏ပညတ်ဟူမူကား သားတော်ယေရှုခရစ်ကို ယုံကြည်ရမည်။ သားတော်ပညတ်တော်မူသည်အတိုင်း အချင်းချင်းချစ်ရမည် ဟူသော ပညတ်တော်ပေတည်း။ ၁ယော ၃ း ၂၃*

*သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူဟူမူကား အသက်ကို မတွေ့ရ။ ထိုသူအပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်ဟု ယောဟန် ဟောလေ၏။ ယော ၃ း ၃၆*

*. . . သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ရောမ ၁၀ း ၉*

*ထိုသူတို့ကလည်း သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည် . . . . . တမန် ၁၆ း ၃၁*

တစ်စုံတစ်ဦးသည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံခြင်း(သို့)လွတ်လပ်သော ရွေးချယ်နိုင်ခွင့်ရှိသည်ဟု ထည့်သွင်းလာပါက ထိုသူသည် ထိုကဲ့သို့ဖော်ပြထားသော ကျမ်းချက်များကိုရှာဖွေရန် ဝန်ထုတ်ကြီး ဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထို့သို့ဖော်ပြထားသော ကျမ်းချက် တစ်စုံတခုမျှမရှိသောကြောင့် ဖြစ်သည်။

## *၂။ အပြစ်သားများထဲတွင် ကိုယ်တိုင်ယုံကြည်နိုင်လောက်သော တတ်စွမ်းနိုင်မှုနှင့် လွတ်လပ်သော အလိုဆန္ဒရှိပါသလား?*

## **Do Sinners have the ability / free will within themselves bo believe ?**

ကျွန်တော်တို့သည် အဦးပိုင်ကဖော်ပြထားသကဲ့သို့ပင် ရှင်းလင်းစွာဖော်ပြထားသော သန့်ရှင်းသော ဘုရားသခင်၏ နှုတ်ကပတ်တော်အရ အပြစ်ပေါ်တွင်သာ အခြေပြု၍ သွန်သင်လိုအပ်ပါသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်သာလျှင် အမှန်တရားဖြစ်ကြောင်း ဖော်ပြထားပါသည်။ *ဆာလ ၁၁၉ း ၆၀၊ ယောဟန် ၁၇ း ၁၇* ဤသို့ဆိုလျှင် သွန်သင်ချက်တစ်ခုသည် ရှင်းလင်းစွာဖော်ပြထားသော နှုတ်ကပတ်တော်နှင့်ဆန့်ကျင်မှုဖြစ်လာသောအခါ မည်သို့သော အကြောင်းအချင်းရာများ ပါဝင်သည်ဖြစ်စေ ဖောက်ပြန်လွဲမှားသော သွန်သင်ချက်အဖြစ် ငြင်းပယ်ခြင်းခံရပါမည်။

***Jacobus Arminis*** ၏ ဘုရားသခင်၏ဆုကျေးဇူးဖြစ်သော ကယ်တင်ခြင်းကို လူမှတတ်စွမ်းနိုင်မှုနှင့် မိမိ၏လွတ်လပ်သောဆန္ဒအရ လက်ခံပိုင်ခွင့်ရှိသည် ဟူသော သွန်သင်ချက်ကို ရှေ့စာမျက်နှာတွင် လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ***Arminis*** ၏ သွန်သင်ချက်များကို နောက်ပိုင်းသူ၏ နောက်လိုက်များက ယုံကြည်ချက် (၅)ချက်ဖြင့် ထုတ်ပြန်ခဲ့ကြပါသည်။ ပထမအချက်မှာ -

လွတ်လပ်သောအလိုဆန္ဒ(သို့)တတ်စွမ်းနိုင်မှု - ***လူသားသည် အပြစ်ထဲတွင် ဆိုးရွားစွာ ကျဆုံးခဲ့သည့်တိုင် ဝိညာဉ်ရေးရာတွင် လုံးလုံးလျားလျား လုံး၀ အကူအညီ ကင်းမဲ့သွားသည်တော့ မဟုတ်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်သည် အပြစ်သားတိုင်းကို နောင်တရစေပြီး ယုံကြည်ခြင်းရှိစေသော်လည်း ဘုရားသခင်သည် လူသား၏လွတ်လပ်သော အလိုဆန္ဒကို ဝင်ရောက် မနှောင့်ယှက်ပါ။ အပြစ်သားတစ်ဦးစီသည် ကိုယ်ပိုင် လွတ်လပ်သော အလိုဆန္ဒရှိနေပြီး သူ၏နောက်ဆုံး ထာဝရသွားရမည့်နေရာကို မိမိမည်သို့ ဆုံးဖြတ်သည့်ပေါ်တွင် သာ မူတည်ပါသည်။ ဝိညာဉ်ရေးရာဖြစ်သော မကောင်းမှုကိုဖြုတ်၍ ကောင်းမှုကို ရွေးချယ်ခြင်းသည်လည်း*** လူ၏လွတ်လပ်သော အလိုဆန္ဒတွင် ပါဝင်သော တတ်စွမ်းနိုင်မှုကြောင့် ဖြစ်ပါသည်။ ***သို့ရာတွင် သူ၏ အလိုဆန္ဒသည် မကောင်းမှု၏ ကျွန်အဖြစ်သက်ဆင်းမည်မဟုတ်ပါ။ အပြစ်သားတွင် ဘုရားသခင်၏ ဝိညာဉ်နှင့် ပူးပေါင်း၍ အသစ်သောအသက်တာတစ်ခုတည်ဆောက်နိုင်သည့် တန်ခိုးနှင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ငြင်းပယ်ပြီး***

***ပျက်စီးခြင်းထဲသို့ သွားနိုင်သော တန်ခိုးလည်းရှိပါသည်။ အပြစ်သားသည် ဝိညာဉ်တော်၏ ကူညီမစမှုကို လိုအပ်သော်လည်း ဦးစွာသူသည် ဝိညာဉ်တော်မှပေးအပ်သော အသက်တာရရှိရန်အတွက် ယုံကြည်ခြင်း လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော လူ၏ရွေးချယ်ခြင်းဟူသော လူ၏အလုပ်သည် အသစ်မွေးဖွားခြင်းထက် အဦးကျပါသည်။ ယုံကြည်ခြင်းဆိုသည်မှာ အပြစ်သားမှ ဘုရားသခင်ကိုပေးသော ဆုလက်ဆောင်ဖြစ်ပါသည်။ ဤသည်ကား ကယ်တင်ခြင်းတွင် လူ၏ပါဝင်မှု ဖြစ်ပါသည်။***

လူသားတို့သည် သခင်ယေရှုကို လက်ခံခြင်း(သို့)ယုံကြည်ခြင်းကို မိမိတို့ဆန္ဒအရလုပ်ဆောင်နိုင်ဟူသော အယူအဆကို ***Arminis***သည် ပထမဆုံးဖော်ထုတ်ခဲ့သည် မဟုတ်ပါ။ လူ၏ဇီဇအပြစ်နှင့် ဘုရားသခင်၏ ကျေးဇူးကရုဏာတော်တို့ မည်သို့လုပ်ဆောင်ကြသည်ဆိုသောအရာနှင့် ပတ်သက်၍ ကြီးမားသောငြင်းခုံမှု တစ်ရပ်ပေါ်ပေါက်ခဲ့ဘူးပါသည်။ ယင်းအချက်ကို ***Pelagius (AD 360-420)*** သည် ဗြိတိသျှဆရာတစ်ဦးဖြစ်ပြီး အသင်းတော်မှ သွန်သင်သော ဇီဇအပြစ်သည် လူသား၏တာဝန်ခံယူမှုကို ငြင်းပယ်ပြီး သန့်ရှင်းမှုကိုလည်း ဆုတ်ယုတ်စေပါသည်ဟူသော ခံယူချက်ကို လက်ခံသူဖြစ်ပါသည်။ ***Pelagius*** ဆိုသည်မှာ လူသည်တတ်စွမ်းနိုင်မှုရှိသော မျိုးနွယ်ဖြစ်ပြီး တောင်းဆိုလာသော မည့်သည့်မှန်ကန်သည့်လုပ်ရပ်ကိုမဆို ဆောင်ရွက်နိုင်စွမ်းရှိသည်ဟူသော အယူအဆကို ပထမဆုံး ဖော်ထုတ်ခဲ့သော ဓမ္မကျမ်းစာပညာရှင်တစ်ဦး ဖြစ်ပါသည်။ မကြာမမြင့်မှီ သူ၏ သွန်သင်ချက်များကို တိကျစွာ လိုက်နာကြသော နောက်လိုက်များသည် အခြားသော ဓမ္မကျမ်းစာပညာရှင်များ၏ ငြင်းပယ်ခြင်းကို ခံလိုက်ရပါသည်။ ***အဘယ်ကြောင့်ဆိုသော သူတို့သည် ဇီဇအပြစ်(သို့)မူလအပြစ်ကို အမွေဆက်ခံခြင်း မရှိဟု ခံယူခြင်းကြောင့်လည်းကောင်း အာဒံပြုခဲ့သော အပြစ်သည် အာဒံသာလျှင် ခံရ၏ဟူ၍လည်းကောင်း လောကသို့မွေးဖွားလာသော လူတစ်ဦးစီတွင် ကောင်းမှုနှင့်မကောင်းမှုကို ရွေးချယ်နိုင်သော တတ်စွမ်းနိုင်မှုနှင့်လွတ်လပ်သောဆန္ဒရှိသည်ဟု သွန်သင်ခြင်းကြောင့် ဖြစ်ပါသည်။***

ယင်းသွန်သင်ချက်တစ်စိတ်တစ်ပိုင်းကိုသာ လက်ခံသူနောက်လိုက်များက ***Arminis*** ၏ သွန်သင်ချက်များကို လက်ခံလုပ်ကိုင်လာခဲ့ကြရာ ယနေ့များစွာသော ရီးဖေါင်းအသင်းတော် ***(Reformed)*** များသည် ယင်းကို သွန်သင်လျှက် ရှိနေပါသည်။ ***Pelagivs*** ၏ သွန်သင်ချက်တစ်ချို့တစ်ဝက်ကို လက်ခံသူများဆွဲကိုင်ထားသော အချက်(၃)ချက်မှာ-

***၁။ အစအဦး၌ ကယ်တင်ခြင်းသည် လူနှင့်အတူရှိ၏။ လူသည်ဘုရားကို အရင်ရှာခဲ့ပြီး ဘုရားမှလူကို ကူညီသည်။***

***၂။ ဦးစွာ လူ၏စိတ်ဝိညာဉ်သည် ဘုရားသခင်ထံတော်သို့ တိုးဝင်ခြင်းသည် တစ်စုံတရာအတွက် ကောင်းပါသည်။ တခြားတစ်နည်းဆိုရလျှင် ကုသိုလ်ဖြစ်သည်။***

***၃။ အသစ်ပြုပြင်ခြင်းဖြစ်စေသော ဘုရားသခင်၏ကျေးဇူးတော်နှင့် လူ၏ဝိညာဉ်တို့ ပူးပေါင်း လုပ်ဆောင်ခြင်းသည် လူ၏ပါရမီဖြစ်သော တတ်စွမ်းနိုင်မှု(သို့)အလိုဆန္ဒကြောင့်ဖြစ်သည်။***

***Martin Luther*** မာတင်လူသာသည် ***Bondage of the will*** စာအုပ်တွင် ***Erasmus*** ၏ သွန်သင်ချက်များနှင့်စပ်လျဉ်း၍ ရေးသားခဲ့ပြီး ယင်းထဲတွင် ***Pelagius*** နှင့် ***Arminius*** သွန်သင်ချက်ဖြစ်သော သခင်ယေရှုကို အပြစ်နှင့်ပြည့်ဝနေသော အပြစ်သားသည် ယုံကြည်နိုင်သည့် တတ်စွမ်းမှုရှိသည် ဟူသော သွန်သင်ချက်ကို ဆန့်ကျင်ရေးသားထားပါသည်။ ***မာတင်လူသာ*** ၏ ***Small Catechism ဓမ္မအမေးအဖြေစာအုပ်ငယ်***တွင် အပြစ်နှင့် ပြည့်ဝနေသော အပြစ်သားသည် သခင်ယေရှုထံတော်သို့ဝင်ရန်(သို့)ယုံကြည်နိုင်ရန် အရည်အချင်းတတ်စွမ်းနိုင်မှုမရှိဟု ရေးသားထားပါသည်။ ဤသည်ကို ***ဓမ္မအမေးအဖြေစာအုပ်ငယ်***တွင်ပါရှိသော ***တမန်တော်တို့၏ယုံကြည်ချက် တတိယအပိုင်း***တွင် ဖတ်ရှုနိုင်ပါသည်။ ယင်းတို့မှာ -

***သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျွန်ုပ်ယုံကြည်ပါ၏။ သန့်ရှင်းသော တစ်ပါးတည်းသော အသင်းတော်၊***

*သန့်ရှင်းသူတို့ မိတ်သဟာယရှိခြင်း၊ အပြစ်ဖြေလွတ်ခြင်း၊ ကိုယ်ခန္ဓာ ရှင်ပြန်ခြင်း၊ ထာဝရအသက်ရှင်ခြင်းကိုလည်း ကျွန်ုပ်ယုံကြည်ပါသည်။ အာမင်*

*အထက်ဖော်ပြချက်သည် မည်သည့် အဓိပ္ပါယ်နည်း။?*

*ကျွန်ုပ်သည် မိမိ၏ဆင်ခြင်တုံတရားအားဖြင့် လည်းကောင်း၊ ခွန်အားသတ္တိအားဖြင့် လည်းကောင်း၊ သခင်ယေရှုခရစ်တော်ဘုရားကို ကျွန်ုပ်၏သခင်အဖြစ် ယုံကြည်ခြင်း(သို့) အထံတော်သို့ ဝင်ရောက်ခြင်းငှာ မတတ်နိုင်ပါဟု ကျွန်ုပ်ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အား ဧဝံဂေလိတရားတော်အားဖြင့် ခေါ်ဆောင်တော်မူပြီး ဝိညာဉ်တော်ဆုကျေးဇူးဖြင့် သိမြင်ရှင်းလင်းစေခြင်း၊ စစ်မှန်သောယုံကြည်ခြင်းတွင် ရပ်တည်နိုင်ရန် သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် ကျွန်ုပ်ကို ထိန်သိမ်းစောင့်ရှောက်ပေးပါသည်။ ထိုနည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် ခေါ်ဆောင်ခြင်း၊ စုစည်းခြင်း၊ သိမြင့်ရှင်းလင်းစေခြင်း နှင့် သန့်ရှင်းစင်ကြယ်စေခြင်းတို့ကို ကမ္ဘာပေါ်ရှိ တစ်ပါးတည်းသော ခရစ်ယာန်အသင်းတော်အတွက် လုပ်ဆောင်တော်မူပါသည်။ ထို့အပြင် သခင်ယေရှုခရစ်တော်၌ တစ်ခုတည်းသော စစ်မှန်သော ယုံကြည်ခြင်းရှိစေရန် ထိန်းသိမ်းပေးလျှက်ရှိပါသည်။*

*ယင်းတပါးတည်းသော ခရစ်ယာန်အသင်းတော်အားဖြင့် ကျွန်ုပ်နှင့်ယုံကြည်သူအားလုံးတို့၏ များပြားစွာသော အပြစ်တို့ကို နေ့စဉ်ရက်ရောစွာဖြင့် ဖြေလွှတ်ပေးလျှက်ရှိနေပါသည်။*

*နောက်ဆုံးသောနေ့ရက်တွင် သခင်ခရစ်တော်သည် ကျွန်ုပ်နှင့်သေလွန်ပြီးသောသူများအားလုံးတို့ကို ရှင်ပြန်ထမြောက်စေတော်မူ၍ သခင်ခရစ်တော်ကို ယုံကြည်သော ကျွန်ုပ်နှင့်တကွ ယုံကြည်သူအားလုံးတို့ကို ထာဝရ အသက်ပေးတော်မူမည်ဖြစ်ကြောင့် ကျွန်ုပ်ယုံကြည်ပါသည်။*

*ဤအချက်သည် အသေချာဆုံးသော အမှန်တရားဖြစ်ပါသည်။*

ဤသင်ခန်းစာနှင့်စပ်လျဉ်း၍ ခြားနားသော သွန်သင်ချက်များကို လေ့လာပြီးသောအခါ ယခုအခါ နှုတ်ကပါတ်တော်ထဲမှ စစ်မှန်သောအဖြေကို ရရှိထားပြီး ဖြစ်ပါသည်။

***အပြစ်သားများထဲတွင် သခင်ယေရှုကို ကိုယ်တိုင်ယုံကြည်ခြင်း(သို့)ထံတော်သို့ တိုးဝင်နိုင်သည့် မွေးရာပါတတ်စွမ်းနိုင်မှု(သို့) လွတ်လပ်သော ဆန္ဒရှိပါသလား။?***

## *Do sinners have the innate ability or free will within themselves to believe in Jesus Christ ?*

ကျွန်တော်တို့ သမ္မာကျမ်းစာအားဖြင့် သခင်ယေရှုကို ယုံကြည်ရန်(သို့) ထံတော်သို့ တိုးဝင်ရန် လူတွင်ကိုယ်ပိုင် အစွမ်းအစ အရည်အချင်းမရှိကြောင်းကို တွေ့ရှိပြီးဖြစ်ပါသည်။ ဆက်လက်၍ အပြစ်တရား၌ ကျဆုံးသော အသက်တာအသစ်မပြုနိုင်သော လူနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာ ဖော်ပြချက်များကို အကျဉ်းချုပ် လေ့လာကြပါစို့။

***အသက်တာ အသစ်မပြုပြင်သေးသူများသည် ဝိညာဉ်အရာ၌ အသေဖြစ်၏။***

ဘုရားသခင်သည် အာဒံကို တားမြစ်ထားသော ထိုအသီးကိုစားသည့်နေ့တွင် ဧကန်အမှန်သေရမည်ဟု မိန့်တော်မူ၏ ***ကမ္ဘာ ၂ း ၁၆-၁၇*** နှုတ်ကပတ်တော်သည် အပြစ်တရားအားဖြင့် ရရှိသော သေခြင်းတရား(၃)မျိုးရှိကြောင်း ရှင်းလင်းစွာ ဖော်ပြပါသည်။ ၎င်းတို့မှာ - ***ရုပ်ခန္ဓာသေခြင်း၊ ဝိညာဉ်သေခြင်း နှင့် ထာဝရသေခြင်း*** ဟူ၍ ဖြစ်ပါသည်။ မယုံကြည်သူအတွက်မူ ဝိညာဉ်သေခြင်းပြီးလျှင် ထာဝရသေခြင်းကို ဆက်လက်သွားရပါမည်။

***ရောမ ၅ း ၁၂*** တွင် အာဒံ၏အပြစ်ကြောင့် သေခြင်းတရားသည် တလောကရှိ လူသားမျိုးနွယ်သို့ ပြန့်နှံ့ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဖေက်သြဝါဒစာနှင့် ကောလောသဲ သြဝါဒစာစောင်တွင် သခင်ခရစ်တော်ကို မယုံကြည်ကြသော သူတို့သည် ဝိညာဉ်အရာ၌သေနေကြပြီး ယုံကြည်သောသူများကို အသက်ရှင်ခြင်းအခွင့်ပြန်လည်ရရှိသည်ဟု ရှင်ပေါလုမှ

ဆိုထားပါသည်။

*သင်တို့သည် အထက်ကလောကီတရားသို့လိုက်၍ အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသောမင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ်၏အလိုနှင့်အညီ၊ ဒုစရိုက်အပြစ်တို့၌ - ၁ -- ၁ - ကျင်လည်ကြ၍ ထိုဒုစရိုက်အပြစ်၌သေလျှက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ထိုငြင်းဆန်သောသူတို့နှင့်တကွ ငါတို့ရှိသမျှသည် အထက်က ကိုယ်ကာယ၏အလိုသို့ လည်းကောင်း၊ စိတ်၏အလိုသို့ လည်းကောင်း လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူဖြစ်ကြ၏။ သို့သော်လည်း ဂရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် ဒုစရိုက်အပြစ်၌ သေလျှက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီး . . . . . ဧဖက် ၂ း ၁-၅*

*ဒုစရိုက်အပြစ်၌ လည်းကောင်း ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌ လည်းကောင်း သေလျှက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏ ကောလောသဲ ၂ း ၁၃*

ဧဖက်စာစောင်တွင် ဇာတိ(သို့)ဖောက်ပြန်သောလူ၏သဘောအရ ဝိညာဉ်သေသောသူသည် အပြစ်တရား၏ ကျွန်ဖြစ်ကြရ၏ဟု ဖော်ပြထားပါသည်။ ဝိညာဉ်အရ သေနေကြသောလူတို့သည် စာတန်၏ဘက်တော်သားများဖြစ်ကြပြီး ဒုစရိုက်နှင့် ပျက်စီးခြင်းတွင် သက်ရှင်နေကြသူများ ဖြစ်ကြပါသည်။ ထိုသူတို့ပြုမူသောအပြစ်သက်သက်ကြောင့်သာမကပဲ ဇာတိသဘောကြောင့်လည်း ***အမျက်ခံရ သား သမီး***များဖြစ်လာကြသည်။ သခင်ခရစ်တော်၌ မတည်လျှင် တလောကရှိလူသားအားလုံးတို့သည် ဝိညာဉ်တွင် သေလျှက်ရှိနေကြသည်ဟု ယနေ့သိရှိခဲ့ပြီးဖြစ်ပါသည်။ အမှားအယွင်းမရှိသော ဘုရားသခင်၏ နှုတ်ကပတ်တော်အရ ဝိညာဉ်သေခြင်းတွင် ရှိနေသောသူများကို ဘုရားသခင်သည် တိုက်ရိုက်ပါဝင်ကုသပေးပြီး နှလုံးသားကိုထိတွေ့ပေးမှသာ ဝိညာဉ်နိုးထလာပါမည်။

ဤအချက်သည် ယနေ့ခေတ် ဧဝံဂေလိအသင်းတော်များ ခံယူထားသော အသက်တာ အသစ်ပြုပြင်ခြင်း မခံရသောသူများသည် သခင်ခရစ်တော်ကို ရွေးချယ်ခွင့်ရှိသည်ဟူသော သွန်သင်ချက်နှင့်ဆန့်ကျင်လျှက်ရှိနေပါသည်။ ရှင်ပေါလုသည် အသက်တာ အသစ်ပြုပြင်ခြင်းထက် ကယ်တင်နိုင်သော ယုံကြည်ခြင်းသည် အရင်ဦးစွာ ဖြစ်ရမည်ဟု ဆိုထားပါသည်။

ရှင်ပေါလုသည် အကြောင်းအရင်းရှိသောကြောင့် သေသည်ဟု ဆိုထားပါသည်။ ရှင်ခြင်းနှင့်သေခြင်းကြားတွင် ကွက်လပ်မရှိပါ။ အသက်တာပြုပြင်ခြင်းမခံရသူများသည် ကျန်းမာရေးချို့တဲ့နေသူများကဲ့သို့ မဟုတ်၊ မသန်မစွမ်းကဲ့သို့ မဟုတ်ပါ။ သို့သော် သေနေကြသည်။ သေချာစွာဆိုရလျှင် ဝိညာဉ်ရေးတွင် သေနေသူများသည် ဝိညာဉ်ရေးရာ အမှန်တရားကို မသိမြင်နိုင်တော့ပါ။ ဘောလုံးကစားနေသော ပုပ်သိုးနေသည့် အလောင်းကဲ့သို့ လည်းကောင်း အတွေးအခေါ်ဆိုင်ရာတွင် ငြင်းခုံနေသော အလောင်းကောင်များနှင့်တူပေလိမ့်မည်။ အကယ်၍ လူတစ်ဦးဝိညာဉ်ရေးရာတွင် သေနေသောခါ ထိုသူသည် ဝိညာဉ်ရေးဆောင်ရွက်မှုများ(သို့) ရွေးချယ်မှုများ ဆောင်ရွက်နိုင်တော့မည် မဟုတ်ပါ။

*အသက်တာအသစ်အဖြစ် ပြုပြင်ခံထားခြင်းမရှိသူများသည် ဝိညာဉ်ရေးရာများကို နားမလည်နိုင်ပါ။ ဝိညာဉ်အမှန်တရားကိုလည်း မသိနိုင်တော့ပါ။ အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိ ဖြစ်ကြ၏။ ယခုမူကား အလင်း၏သားကဲ့သို့ ကျင့်နေကြလော့ ဧဖက် ၅ း ၈*

*စိတ်နှလုံးအသစ်ကိုငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ခန္ဓာထဲက ကျောက်နှလုံးကိုနှုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏ တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။ ယေဇကျေ ၃၆ း၂၆ -၂၇*

အသက်တာပြုပြင်ခြင်းမခံထားသူသည် ဘုရားသခင်၏ကျေးဇူးတော်ကို မချီးမွမ်းနိုင်ပါ။ ဇာတိပကတိရှိသော သူတို့သည် ဇာတိပကတိနှင့် စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသောစိတ်ရှိကြ၏ ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းဖြစ်၏ အဘယ်ကြောင့်နည်းဟူမူကား ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။ ထို့ကြောင့် ဇာတိပကတိ၌ ကျင်လည်သောသူတို့သည် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်ကြ။ ရောမ ၈ း ၅-၈

အသက်တာ အသစ်ပြုပြင်ခြင်းမခံထားသူသည်သခင်ခရစ်တော်ထံတော်သို့ မလာနိုင်ပါ။ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှ ငါထံသို့ မလာနိုင်။ လာသောသူကို နောက်ဆုံးနေ့၌ ငါထမြောက်စေမည်။ ယော ၆ း ၄၄

ထို့ကြောင့် ငါ၏ခမည်းတော်သည် အခွင့်ပေးတော်မမူလျှင် အဘယ်သူမျှ ငါထံသို့မလာနိုင် . . . ယော၆ း ၆၅

ထိုသို့ဖြစ်လျှင် အဘယ်နည်း၊ ငါတို့သည် မြတ်သလောဟု မေးမြန်းသော်၊ အလျှင်းမမြတ်အကြောင်းမူကား၊ ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်ကပြခဲ့ပြီ။ ကျမ်းစာလာသည်ကား ဖြောင့်မတ်သောသူမရှိ တစ်ယောက်မျှမရှိ နားလည်သောသူမရှိ ဘုရားသခင်ကို ရှာသောသူမရှိ၊ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ ရောမ ၃ း ၉-၁၂

အသက်တာသစ်ပြုပြင်ခြင်းမခံထားသူသည် မှောင်မိုက်တွင် ကျင်လည်လျှက်ရှိသည်။ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည် မခံမယူ။ ယော ၁ း ၄-၅

အပြစ်စီရင်ခြင်းကို ခံရကြောင်းကား၊ အလင်းသည် ဤလောကသို့ဝင်၍ လူတို့သည် မကောင်းသောအကျင့်ကို ကျင့်သောကြောင့် အလင်းထက် မှောင်မိုက်ကိုသာ၍ နှစ်သက်ကြ၏။ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပျင်း၍ မိမိတို့အကျင့်၌ အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှာ အလင်းသို့မချဉ်းကပ်ကြ။ ယော ၃ း ၁၉-၂၀

သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။ ၁ပေ ၂ း ၉

အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား သခင်ဘုရား၌ အလင်းဖြစ်ကြ၏ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့၊ အလင်းတော်၏ အကျိုးမူကား အလုံးစုံသော ကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်း ဖြစ်သတည်း။ သခင်ဘုရားနှစ်သက်တော်မူသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်ကြလော့။ အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက ထိုအမှုတို့၏ အပြစ်ကို ပြကြလော့။ ဧဖက် ၅ း ၈-၁၁

အချုပ်

ဘုရားသခင်သည် လူကိုရှာမှသာလျှင် လူသည်ဘုရားသခင်ကို တွေ့နိုင်ပါသည်။ ဟေရှာယသည်သာ၍ ရဲရင့်စွာဆိုသည်ကား၊ ငါ့ကိုမရှာသော သူတို့သည် ငါ့ကို တွေ့ရကြ၏။ ငါ၏အကြောင်းကို မမေးမြန်းသောသူတို့၌ ငါထင်ရှားသည်ဟုဆို၏။ ရောမ ၁၀ း ၂၀

***အလိုဆန္ဒ၏ချည်နှောင်ခြင်း*** အခြေခံယုံကြည်ချက်ကို သေချာစွာ နားလည်နိုင်ပါက အလွန်ပင်အရေးကြီးကြောင်း သိရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော ကယ်တင်ခြင်းသည် ဘုရားသခင်ထံတော်ပါးမှရရှိသော ကျေးဇူးတော်သက်သက် ဖြစ်ကြောင်း သက်သေထူနေ၍ ဖြစ်ပါသည်။ ဤအခြေခံယုံကြည်ချက်ကို ငြင်းပယ်သူများနှင့် ကယ်တင်ခြင်း (သို့) ပျက်စီးခြင်းသို့ မိမိတို့၏အလိုဆန္ဒအားဖြင့်သာ ရွေးချယ်သည်ဟု သွန်သင်သူတို့သည် ကြွယ်ဝစွာနှင့်ရှင်းလင်းစွာ ဖော်ပြထားသော် နှုတ်ကပတ်တော်ထက် မိမိတို့၏ဆင်ခြင်တုံတရား၊ အယူအဆနှင့်စိတ်ကူးစိတ်သန်းတို့ ကို လွန်စွာမြင့်တင်ထားခြင်းဖြင့် နှုတ်ကပတ်တော်၏ အထက်သို့ရောက်ရှိနေကြပါသည်။

လူသည်ပျက်စီးခြင်း ငရဲကျရောက်ခြင်းအတွက် မိမိကိုယ်တိုင်လုံးဝတာဝန်ရှိသော်လည်း အသက်တာ ပြောင်းလဲခြင်းတွင်မူ တာဝန်မရှိပါ။ ယင်းသည် မည်ကဲ့သို့ဖြစ်သနည်း။ လူသည် အပြစ်တရား၌ သေနေခြင်း ***(ဧဖက် ၂ : ၁-၅)*** အကူအညီမဲ့နေခြင်း ***(ယေဇကျေ ၁၆ : ၄-၆)*** ဝိညာဉ်ရေးမျက်စိ ကန်းနေခြင်း ***(၁ကော ၂ : ၁၄)*** နှင့်ကောင်းသောအလုပ်နိုင်စွမ်းမရှိတော့ခြင်း ***(ယေရမိ ၁၃ : ၂၃၊ ယောဘ ၁၄ : ၄)*** တို့ကြောင့် ဖြစ်ပါသည်။

***အပြစ်သားများသည် သခင်ယေရှုခရစ်တော်ကို ယုံကြည်ရန် (သို့) ထံတော်သို့ တိုးဝင်နိုင်ရန် ကိုယ်ပိုင်တတ်စွမ်းနိုင်မှု (သို့) လွတ်လပ်သော အလိုဆန္ဒရှိပါသလား။?***

နှုတ်ကပတ်တော်သည် ယင်းမေးခွန်းကို ရှင်းလင်းစွာ ဖြေဆိုပါသည်။

***မလုပ်နိုင်ပါ။ မဖြစ်နိုင်ပါ။***

ယခုဤနောက်ဆုံးအပိုင်းတွင် နှုတ်ကပတ်တော်သည် အောက်တွင်ဖော်ပြထားသော မေးခွန်း(၄)ခုအတွက် မည်သို့ အဖြေများပေးထားသည်ကို လေ့လာကြပါစို့ -

***၃။ ဘုရားသခင်သည် အပြစ်သားအားလုံးကို ကယ်တင်ရန် အလိုတော်ရှိပါသလား။?***

***၄။ ဘုရားသခင်သည် အပြစ်သားများကို ငရဲသို့သွားရန်အတွက် ရွေးကောက်/ကြိုတင် ရွေးကောက် ထားပါသလား။ ?***

***၅။ ဘုရားသခင်သည် အပြစ်သားများကို ကောင်းကင်နိုင်ငံတော်သွားရန်အတွက် ရွေးကောက်/ကြိုတင် ရွေးကောက် ထားပါသလား။?***

***၆။ အပြစ်သားတစ်ဦးသည် ယုံကြည်ခြင်းရှိရန် ဘယ်လိုလုပ်ရမလဲ။?***

မေးခွန်းအမှတ်(၃)ကို ဖြေဆိုပါက အမှတ်(၄)မေးခွန်းအတွက်လည်း အဖြေရရှိပြီး ဖြစ်ပါလိမ့်မည်။

သမ္မာကျမ်းစာတွင် ***ဘုရားသခင်သည် လူသားအားလုံးကယ်တင်ခြင်းရရှိရန် အလိုတော် ရှိနေသည်***ဟူသော ဥပမာများစွာကို တွေ့ရှိရပါသည်။ ကျွန်တော်ဤဖော်ပြထားသော ကျမ်းစုများအားဖြင့် လူအပေါင်းကယ်တင်ခြင်းရရှိရန် ဘုရားသခင်၏ ကယ်တင်ခြင်းအလင်းတော်အကြံအစည်ကို စဉ်းစားပြီး အဖြေထုတ်ပါက ဘုရားသခင်သည် လူအပေါင်းကယ်တင်ခြင်းရရှိရန် အမှန်တကယ် အလိုတော်ရှိနေသည်ဟူသော အဖြေကို ရရှိပါမည်။

အကယ်၍ ဘုရားသခင်သည်လူအားလုံးကို ကယ်တင်ရန် အလိုတော်ဆန္ဒတော်ရှိပါက တစ်ချို့ ကယ်တင်ခြင်းမရသည့်ကိစ္စကို တစ်ချို့သူတို့သည် မေးခွန်းထုတ်ခြင်း(သို့)ယင်းကိုအဖြေရှာ ဖြေရှင်းခြင်းများပြုလုပ်ပြီး ဘုရားသခင်၏အလိုတော် ဆန္ဒတော်သည် ခွဲခြားသည့်သဘောရှိကြောင်း အဖြေထုတ်ကြသည်။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သည်။ ဘုရားသခင် အလိုရှိသမျှကိုပြုလုပ်ပြီးစီးနိုင်သော တန်ခိုးရှိသည်။ ကျွန်တော်တို့နှင့် လုံးဝခြားနားသော အရာဖြစ်ပါသည်။ ကျွန်တော်၏မိတ်ဆွေတစ်ယောက်ကို ကယ်တင်ခြင်းရရှိရန်အတွက် အထူးတလည် ကြိုးစားသော်လည်း မဖြစ်ခဲ့ပါ။ သို့သော်လည်း ဘုရားသခင်သည် အလိုတော်ရှိသည့်ကိစ္စများကို ပြီးမြောက်စေနိုင်ပါသည်။ ပထမပိုင်းလေ့လာစဉ်က ကျေးဇူးတော်အားဖြင့် ရွေးကောက်ခြင်းသည် မှားယွင်းသည်ဟူသော ကောက်နှုတ်ချက်တစ်ရပ်ကို တွေ့ရှိခဲ့ကြပြီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် တစ်ချို့ကိုအပြစ်တရားမှ ရွေးနှုတ်ကယ်တင်ပြီး

တစ်ချို့ကိုအပြစ်ထဲ၌ ထားပစ်ခဲ့သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဘုရားသခင်သည် လူသားတိုင်းကို ကယ်တင်ခြင်းရရှိရန် အမှန်တကယ် အလိုတော်ရှိခဲ့ပါလျှင် ကယ်တင်ခြင်းကို လူမှရွေးချယ်နိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပြီး ရွေးနှုတ်ကယ်တင်ခြင်းဟူသောအရာကို မထားသင့်ကြောင်းဟု သူတို့၏ စိတ်ကူးဆင်ခြင်တုံတရားများဖြင့် ပြောဆို နေကြပါသည်။ အခြေခံယုံကြည်ချက်တစ်ခုကို ဘုရားသခင်၏ လမ်းတော်နှင့်အတွေးများကို ထုတ်နှုတ်တော့မည်ဆိုလျှင် ပထမဆုံးနှင့် အခြေခံအကျဆုံးဥပဒေတစ်ခုမှာ ကျွန်တော်တို့၏ ကိုယ်ပိုင်ဆင်ခြင်တုံတရား၊ အကြောင်းချင်းအရာဖြင့် မဆုံးဖြတ်ရန်ပင် ဖြစ်ပါသည်။ ယင်းအစားဘုရားသခင်၏ နှုတ်ကပတ်တော်မှဖွင့်လှစ်ပြသောအရာများကို လမ်းညွှန်သဖွယ်ထားရှိ အသုံးပြုရန် လိုအပ်ပါသည်။

ဤသို့ဆိုလျှင် ဘုရားသခင်ထံတွင် ဆန့်ကျင်ဘက်ဖြစ်နေသော အလိုတော်(၂)ရပ်ရှိနေသည်လား။**?**

အထက်ပါမေးခွန်း၏ အဖြေကို မေးခွန်းအားဖြင့် စတင်ဖြေဆိုကြပါစို့ - ***ဘုရားသခင်သည် အပြစ်သားအားလုံးကို ကယ်တင်ရန် အလိုတော်ရှိပါသလား? ရှိပါသည်*** ဟု ကြိုတင်ဖြေဆိုလျှင် ရပါသည်။ ယင်းအတိုင်းပင် နှုတ်ကပတ်တော်သည် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

***. . . . . ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားနှစ်သက်တော်မူသော အမှုလည်းဖြစ်၏ လူအပေါင်းတို့ ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှာ ဘုရားသခင်အလိုတော်ရှိ၏ (၁တိ ၂ း ၃-၄)***

***လူတစ်ချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏ ၂ ပေ ၃း၉***

သခင်ယေရှု ယေရုရှလင်မြို့ထဲသို့ဝင်သောအခါ ဣသရေလလူမျိုးများက ကိုယ်တော်ကို ငြင်းပယ်သောအခါ ကိုယ်တော်မှ-

***အို - ယေရုရှလင်မြို့၊ ယေရုရှလင်မြို့ သင်သည် ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ မသဲ ၂၃ း ၃၇***

သခင်ယေရှု၏ သာသနာတော်လုပ်ငန်းဆောင်ရွက်စဉ်က အထက်ပါဖြစ်စဉ်ကိုကြည့်၍ ဘုရားသခင်၏ အလိုတော်သည် လူအားလုံးကိုကယ်တင်ရန်ရှိသော်လည်း အားလုံးပါဝင်လာခြင်းမရှိကြပါဟူသော အမှန်တရားတစ်ခုကို သိရှိဖမ်းယူနိုင်မည်ဖြစ်ပါသည်။ သခင်ယေရှုထံတော်သို့ လာရောက်ရန် ဆန္ဒမရှိသောလူများအတွက် ကိုယ်တော်သည် ဝမ်းနည်းခဲ့ရပါသည်။ ကိုယ်တော်သည်လူအပေါင်းတို့ သူထံလာစေရန် လက်ဖြန့်ကြိုဆိုခဲ့သောလည်း ငြင်းပယ်၍ မယုံကြည်လိုသောကြောင့် မလာခဲ့ကြရာ ကိုယ်တော်သည်များစွာ ဝမ်းနည်းတသခဲ့ရပါသည်။ ကိုယ်တော်သည် ထိုသူများကို ယုံကြည်စေလိုပြီး ကယ်တင်ခြင်းရရှိစေလိုသော အလိုတော်ရှိခဲ့ပါသည်။ သို့ရာတွင် ထိုသူတို့သည် ဘုရားသခင်ကို ချစ်သည်ထက် အပြစ်တရားကိုပို၍ ချစ်ခဲ့ကြပါသည်။ ဤသည်ကား ဘုရားသခင်၏ကျေးဇူးတော်ကို ခံယူထားသူများမှလွဲ၍ လူများအားလုံး၏ ပကတိအခြေအနေပင်ဖြစ်ပါသည်။ ဘုရာသခင်၏ အလိုတော်သည် လူသားတစ်ရပ်လုံးကို ကယ်တင်ရန် ဖြစ်သော်လည်း ဘုရားသခင်၏ တရားမျှတခြင်းနှင့်ကောင်းမွန်နှစ်သက်ဖွယ် အလိုတော်ကို တုန့်ပြန်အခြေပြုသောလူတို့ကိုသာ ကယ်တင်ခြင်းပေးအပ်ပါသည်။ တချို့ကို ကယ်တင်ပြီး တစ်ချို့ကိုမကယ်တင်သည့်အကြောင်းကို ကျွန်တော်တို့ကို ဖော်ပြခြင်းမပြုပါ။ သို့ရာတွင် ဘုရားသခင်သည် စစ်မှန်၍ ပြည့်ဝစုံလင်သော သဘာဝ၊ ကိုယ်တော်၏ သန့်ရှင်းသော ဖြစ်စဉ်နှင့် ကြွယ်ဝသော ဉာဏ်တော်များဖြင့် အကောင်းဆုံး ပြုလုပ်မည်ဟု စိတ်ချရပါသည်။ ဘုရားသခင်သည် ဤသို့ပြုလုပ်ခြင်းအတွက် အကောင်းဆုံးအကြောင်းပြချက်မရှိဟုဆိုလျှင် မှားပါသည်။ ဘုရားသခင်ထံတွင် အကောင်းဆုံးအကြောင်းပြချက်ရှိပါသည်။

ဘုရားသခင်၏ဂရုဏာတော်သည် လူသားအားလုံးအတွက် တကမ္ဘာလုံးအတွက်ဖြစ်ပါသော်လည်း ကျွန်တော်တို့၏

ပုန်ကန်လိုသောသဘောနှင့်ဘုရားသခင်ကို မုန်းတီးမှုများကြောင့် အားလုံးဘုရားသခင်ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် အပြစ်သားများသည် ဇာတိပကတိအလိုဆန္ဒများဖြင့် ယုံကြည်ခြင်းကို မည်သည့်အခါမှ မရယူနိုင်သည့်အပြင် သခင်ခရစ်တော်၏ ဧဝံဂေလိတရားတော်မှ ပေးနေသော သနားညှာတာမှုကိုလည်း မခံစားရနိုင်ပါ။ လူသားတို့သည် အလင်းရှိရာသို့ မလာနိုင်ပါ။ ***(ယော ၁၄ း ၁၇၊ ယော ၁၀ း ၂၆၊ ယော ၆ း ၄၄၊ ယော ၃ း ၂၀၊ ရောမ ၃ း ၁၁)*** ဘုရားသခင်သည် ယခုထိဆက်လက် ကရုဏာတော်ထားသည်အတွက်နှင့် သူထံလာရောက်သော ရှေ့မဆွကပင် ရွေးချယ်ထားသူများကို ထာဝရအသက်ပေးလျှက်ရှိနေသည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ မိမိကိုယ်တိုင်ဘာမျှမလုပ်နိုင်သော သူများကို ဘုရားသခင်သည် သနားခြင်းကျေးဇူးအားဖြင့် လုပ်ဆောင်ပေးလျှက် ရှိနေပါသည်။ သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ဝယ်ယူရရှိခဲ့သော ယုံကြည်ရန်အလိုဆန္ဒဖြစ်ပေါ်ခြင်းကဲ့သို့ အခြားသော ဝိညာဉ်ရေးရာ ကောင်းကြီးမင်္ဂလာမြောက်များစွာကို ပေးအပ်လျှက် ရှိနေပါသည်။

### ***၄။ ဘုရားသခင်သည် အပြစ်သားများကို ငရဲသို့သွားရန် ရွေးကောက်/ကြိုတင်ရွေးကောက်ထားပါသလား။?***
### ***Does God choose / elect/ predestine sinners to hell?***

မဟုတ်ပါဟု ဖြေဆိုပါမည်။ သည်ထက်ပို၍တိတိကျကျမဖြေဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် လူအားလုံး သမ္မာတရားသိရှိပြီး ကယ်တင်ခြင်းရရှိရန် အလိုတော်ရှိနေသည်ကို ယခုပင်သင်ကြားလေ့လာခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်သည် တစ်ချို့ကို ငရဲသွားရန် ရွေးကောက်ထားပါသည် ဆိုသည့်အကြောင့် ကျမ်းစာတွင် လုံးဝဖော်ပြထားခြင်း မရှိပါ။ ယခုနောက်ဆုံးမေးခွန်း (၂)ခုသာ ကျန်ရှိပါသည်။

### ***၅။ ဘုရားသခင်သည် အပြစ်သားများကို ကောင်းကင်နိုင်ငံတော်သွားရန် ရွေးကောက်/ကြိုတင်ရွေးကောက် ထားပါသလား။?***
### ***Does God choose / elect/ predestine sinners to heaven?***

### ***၆။ အပြစ်သားတစ်ဦးသည် ယုံကြည်နိုင်သည့် အရည်အချင်းအစွမ်းရှိပါသလား။?***

ကျွန်တော်တို့အစဉ်အလာအတိုင်း နှုတ်ကပတ်တော်ကို ကြည့်ကြပါစို့ -

နှုတ်ကပတ်တော်က ဘုရားသခင်သည် ကယ်တင်ခြင်းရရှိရန် လူတို့ကို ရွေးချယ်သည်ဟု သွန်သင်ထားပါသည်။ ဘုရားသခင်သည် ခရစ်ယာန်များကို ရွေးချယ်သောသူများ၊ ရွေးကောက်ခံထားရသူများဟူ၍ ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ထပ်ခါထပ်ခါ ခေါ်ဝေါ်ထားပါသည်။

သခင်ယေရှုသည် တပည့်တော်များမေးမြန်းသည့် နောက်ဆုံးကာလနှင့်ပတ်သက်၍ ဖြေကြားရာတွင် ‘ ***ရွေးကောက်ခံထားသူ*** ’ များဟူသော စကားလုံးကို ပထမအကြိမ်အဖြစ် မိန့်တော်မူခဲ့ပါသည်။

***ထိုကာလတာရှည်လျှင် အဘယ်သူမျှမလွတ်နိုင်ရာ။ ရွေးချယ်သောသူတို့အဖို့အလိုငှာ ထိုကာလသည် တိုလိမ့်မည်။ (မသဲ ၂၄ း ၂၂)*** ထပ်မံ၍ ကိုယ်တော်နှင့်စပ်ဆိုင်သော သူတို့ကို ရွေးကောက်ခံထားသူများဟု အငယ်(၂၄)တွင် မိန့်တော်မူခဲ့ပါသည်။

***အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ပြကြလိမ့်မည်။ မသဲ ၂၄ း ၂၄***

ထပ်မံ၍ အငယ် (၃၁)တွင်

***လူသားသည် မိမိတမန်တို့ကို စေလွှတ်၍ တံပိုးခရာကိုပြင်းစွာ မှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသော သူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်မှခေါ်၍ စုရုံးကြလတ္တံ့။ မသဲ ၂၄ း ၃၁***

သခင်ယေရှုသည် တကမ္ဘာလုံးမှ ရွေးချယ်ထားသူများကို စုရုံးစေပါမည်။ ဤသတင်းစကားကိုပင် ရှင်မာကုနှင့်ရှင်လုကာတွင် ဖော်ပြထားပြီး နောက်ဆုံးရောမဩဝါဒစာတွင်လည်း ဖော်ပြထားပါသည်။

***ဘုရားသခင်ရွေးကောက်တော်မူသော သူတို့ကို အဘယ်လူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသော သူကား ဘုရားသခင်ပေတည်း။ ရောမ ၈ း ၃၃*** ဘုရားသခင်သည် ကိုယ်တော်၏ အမှန်တရားကို ကျွန်တော်တို့သိစေခြင်းငှာ ကျမ်းစာရေးသားသောသူတို့ကို မှုတ်သွင်းတော်မူခြင်းဖြင့် ဖွင့်ဟပေးခဲ့ပါသည်။ ***elect*** ရွေးချယ်ခြင်းဟူသော စကားသည် ဂရိ ***Greek*** စကားလုံး ***ejklekto- EKLETOS*** မှဆင်းသက်လာပါသည်။ ထို့ပြင် ***Chosen / Selected*** ရွေးကောက်/ရွေးချယ်ခြင်းသည်လည်း တူညီသော အဓိပ္ပါယ်ရှိပါသည်။ အင်္ဂလိပ်ကျမ်းစာတွင် ရွေးချယ်သောသူဟူ၍ ဘာသာပြန်ထားပါသည်။ ပထမဆုံးအနေနှင့် ရှင်မသဲခရစ်ဝင်ကျမ်းတွင် တွေ့ရှိရပါသည်။

***ထို့သို့ခေါ်တော်မူသော သူအများရှိသော်လည်း ရွေးကောက်တော်မူသောသူ နည်းသည်ဟု မိန့်တော်မူ၏။ မသဲ ၂၂ း ၁၄***

ကောလောသဲဩဝါဒစာတွင် ဘုရားသခင်မှ ရွေးကောက်ခြင်းဖြစ်ပြီး မိမိဖာသာ ရွေးချယ်ခြင်းမဟုတ်ဟု တွေ့ရှိရပါမည်။

***ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ ကော ၃ း ၁၂***

နောက်ထပ်ကျမ်းချက်တစ်ချက်မှာသာ၍ပင် ပေါ်လွင်သောအဓိပ္ပါယ်တစ်ရပ်ကို ထင်ဟပ်ပေးပါသည်။

***သို့သော်လည်း သခင်ဘုရားချစ်တော်မူသော ညီအစ်ကိုတို့ သင်တို့သည် စိတ်သန့်ရှင်းခြင်း၊ သမ္မာတရားကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှာ၊ ဘုရားသခင်သည် ရှေ့ဦးစွာကပင် သင်တို့ကို ရွေးကောက်တော်မူသည်ဖြစ်၍ ငါတို့သည် သင်တို့ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်းရကြမည်။ ၂ သက်သာ ၂ း ၁၃***

အကယ်၍ ***ဘုရားသခင်မှရွေးကောက်*** ထားခြင်းနှင့်ပတ်သက်၍ သံသယများရှိပါက အောက်ပါကျမ်းချက်မှ ဘုရားသခင်သည် ကမ္ဘာလောကမတည်ရှိမှီကပင် ကျွန်တော်တို့ကို ရွေးချယ်ထားကြောင်း ဖော်ပြပါလိမ့်မည်။ ဧဖက်ဩဝါဒစာတွင် ဘုရားသခင်သည် ကမ္ဘာကြီးကို မဖန်ဆင်းမှီကပင် ကျွန်တော်တို့ကို ရွေးချယ်ထားကြောင်း ဖော်ပြထားပါသည်။

***ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ . . . . . ဧဖက် ၁ း ၃-၄***

ဘုရားသခင်သည် ကယ်တင်ခြင်းအတွက် မည်သည့်အချိန်တွင် ရွေးချယ်/ရွေးကောက်သနည်းဟု မေးလာလျှင် အမေ့ဝမ်းတွင် ပဋိသန္ဓေမတည်မှီကပင် ရွေးချယ်/ရွေးကောက်ထားပါသည်ဟု ဖြေဆိုရပါမည်။ ရှင်ပေါလုသည် ဘုရားသခင်ရွေးချယ်ထားသောသူတို့ ဧဝံဂေလိတရားတော်ကို ကြားသိစေရန် အလွန်ပင် စိတ်စေတနာထားပြီး ဟောကြားခဲ့ပါသည်။ သို့သော် မည်သူကို ဘုရားသခင်ရွေးချယ်ထားသည်ကို ရှင်ပေါလု မသိရှိသော်လည်း ထိုသူတို့ သတင်းစကားကို ကြားသိစေရန် စိတ်အားထက်သန်စွာဖြင့် ဟောကြားခဲ့ပါသည်။

***ထို့ကြောင့် ရွေးကောက်တော်မူသော သူတို့သည် ထာဝရဘုန်းအသရေနှင့်တကွ ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှာ သူတို့အဖို့ အရာရာကို ငါသည်းခံရ၏။ ၂ တိ ၂ း ၁၀***

ရွေးချယ်/ရွေးကောက်ထားသူတို့ နေရာအနှံ့တွင် ရှိကြ၏။

***ယေရှုခရစ်၏ တမန်တော်ပေတရုသည် နားထောင်ခြင်း ကျေးဇူး၊ ယေရှုခရစ်၏ အသွေးတော်နှင့်ဖြန်းခြင်း၊***

*ကျေးဇူးကို ခံရမည့်အကြောင်း၊ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ရောက်၍ ခမည်းတော်ဘုရားသခင်၏ အနာဂတ်သဉာဏ်တော်အတိုင်း ရွေးကောက်တော်မူသော သူတည်းဟူသော ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်၊ အရပ်ရပ်တို့၌ ကွဲပြားသောဧည့်သည် အာဂန္တုတို့ကို ကြားလိုက်ပါ၏။* **၁ပေ ၁ း ၁-၂** ထိုအတူပင် ဘုရားသခင်သည် ကယ်တင်ခြင်းအတွက် ရွေးချယ်ထားသော သူတို့ကို **'ခန့်အပ်ခြင်း'** ဟူသော စကားလုံးကို ရေးသားရန် ကျမ်းစာရေးသားသောသူတို့ကို မှုတ်သွင်းမိန့်တော်မူခဲ့ပါသည်။ တမန်တော်ဝတ္တုတွင် ဘုရားသခင်သည် ကယ်တင်ခြင်းအတွက် သတ်မှတ်ခန့်ထားသော သူများကို ရွေးချယ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

*ထိုစကားကို တပါးအမျိုးသားတို့သည် ကြားလျှင် ဝမ်းမြောက်၍ ထာဝရဘုရား၏နှုတ်ကပတ်တရားတော်ကို ချီးမွမ်းကြ၏။ ထာဝရအသက်ကို ရစေခြင်းငှာ ခန့်ထားတော်မူသောသူရှိသမျှတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြသဖြင့် . . . . .* **တမန် ၁၃ း ၄၈**

***Greek*** ဂရိဘာသာစကားတွင် ***appoint*** ဟူသောစကားလုံးသည် ***TASSOW*** မှဆင်းသက်ပါသည်။ အဓိပ္ပါယ်မှာ ခန့်အပ်သည်၊ ရာထူးခန့်အပ်သည်၊ တာဝန်ပေးအပ်ခံရသည်၊ အမိန့်ဖြင့်ခန့်အပ်သည်နှင့်ညွှန်ကြားခံရသည်ဟူ၍ ဖြစ်ပါသည်။ ဤစကားလုံးကို သူတပါးကို အမိန့်ပေးခိုင်းစေသော အာဏာရှိသူတို့အတွက်သုံးနှုန်းပါသည်။ ဘုရားသခင်သည် ယခင်ကပင် ခန့်အပ်ထားရှိပြီးသူများကို နောက်ဆုံးခေါ်ယူခြင်းပင် ဖြစ်ပါသည်။ ထာဝရအသက်အတွက် ခန့်အပ်ထားသောသူများ၏ နောက်ဆုံးရလဒ်မှာ ကယ်တင်နိုင်သော ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းပင်ဖြစ်ပါသည်။ ခန့်အပ်ထားခံရသောသူတို့သည် သခင်ယေရှုကို ယုံကြည်သက်ဝင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤသည်ကား ခိုင်ခန့်တည်မြဲသော ဖော်ပြချက်ပင် ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျမ်းစာရေးသားသောသူတို့ကို အခြားသော စကားလုံးများကိုလည်း သုံးစွဲရန် မှုတ်သွင်းခဲ့ပြီး ကျွန်တော်တို့ကို အမှန်တရားကို သိစေခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ဖြင့် ရွေးချယ်ခံထားသော သူများကို **အခွင့်၊ သွေးဆောင်၊ လာနိုင်** ဟူသော စကားလုံးများဖြင့် ထာဝရအသက်အတွက် ရွေးချယ်ထားခြင်းနှင့်ပတ်သတ်၍ သခင်ယေရှု၏နှုတ်တော်မှ မိန့်တော်မူချက်အားဖြင့် ဘုရားသခင်၏ကြီးမားကျယ်ပြန့်သော အခန်းကဏ္ဍာကို သိရှိနိုင်ပါသည်။

*. . . . . ငါ၏ခမည်းတော်သည် အခွင့်ပေးတော်မမူလျှင် အဘယ်သူမျှ ငါထံသို့ မလာနိုင်ဟု အထက်က ငါဆိုခဲ့ပြီဟု မိန့်တော်မူ၏။* **ယော ၆ း ၆၅**

ဤစကားကို လူအုပ်တစ်ခုအား မိန့်တော်မူခဲ့ပါသည်။ ခမည်းတော်ဖြစ်သော ဘုရားသခင်မှ ခွင့်ပြုမှသာလျှင် သခင်ယေရှုထံတော်သို့ လာရောက်နိုင်သည်ဟူသော စကားကိုကြားရသောလူအုပ်ကြီးသည် အလွန်ပင် အံ့ဩသွားခဲ့ကြပါသည်။ ဤကျမ်းပိုဒ်သည် ဂရိစကားဖြင့် တိုက်ရိုက်အဓိပ္ပါယ်ထွက်ရှိပြီး ကြားရသောသူအပေါင်းတို့ ကိုယ်တော်၏မိန့်တော်မူချက်ကို နားလည်ကြပါသည်။

တဖန် ယော ၆ း ၄၄ တွင် ခမည်းတော်ဖြစ်သော ဘုရားသခင် ***သွေးဆောင်တော်***မူမှသာ သခင်ယေရှုထံတော်သို့ ရောက်ရှိနိုင်သည်ဟု တွေ့ရှိရပြန်ပါသည်။

*ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။* **ယော ၆ း ၄၄**

ကျွန်တော်တို့သခင်ယေရှုထံတိုးဝင်ရန် ခမည်းတော်ဖြစ်သော ဘုရားသခင်သည် ခွင့်ပြုရုံသာမကပဲ သွေးဆောင်ခြင်းကိုပါ ပြုလုပ်ပေးပါသည်။ သခင်ယေရှု၏ မိန့်တော်သံကို နားထောင်ကြည့်ပါ။ ကျွန်တော်တို့ကိုယ်အစွမ်းဖြင့် ထံတော်သို့ မသွားနိုင်ပါ။ ခွင့်ပြုချက်ရမှသာလျှင် တိုးဝင်နိုင်ပါသည်။ ခမည်းတော်သည် ကျွန်တော်တို့ကို သွေးဆောင်မှသာလျှင် ထံတော်ထံဝင်နိုင်ပါမည်။ ဤသို့မဟုတ်လျှင် မဝင်ရောက်နိုင်ပါ။ သွေးဆောင်ခြင်းသည် မည်သို့ပါဝင်လာရသနည်း။ ရှင်ပေါလုသည် ကောရိန္တုအသင်းတော်သို့ ရေးသားသော စာစောင်၌ အဖြေပါရှိပါသည်။

*. . . . . ယေရှုသည် ဘုရားသခင်ဖြစ်တော်မူ၏ဟု သန့်ရှင်းသောဝိညာဉ်တော်ကို အမှီမပြုလျှင်*

***အဘယ်သူမျှ မပြောနိုင်သည်ကို လည်းကောင်း သင်တို့သည် သိနားလည်စေခြင်းငှာ ငါသတိပေး၏။ ၁ကော ၁၂ း ၃***

အဘယ်ကြောင့် သခင်ယေရှုသည် သခင်နှင့်ကယ်တင်ရှင်ဖြစ်ကြောင်း သန့်ရှင်းသော ဝိညာဉ်တော်ကို အမှီမပြုလျှင် ဝန်မခံနိုင်ဟု ဆိုရသနည်း။ ဤအဖြေကို ကျွန်တော်တို့ ပြီးခဲ့သည့်မေးခွန်းတွင် တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ ယင်းမေးခွန်းမှာ ***'အပြစ်သားတစ်ဦးသည် ယုံကြည်နိုင်သည့် အရည်အချင်း/အစွမ်းရှိပါသလား'***ဖြစ်ပါသည်။ ယင်းမေးခွန်း၏အဖြေကို ရောမ ၃ း ၁၀-၁၂ တွင် တွေ့ရှိနိုင်ပါသည်။

ကျမ်းစာလာသည်ကား ***ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ နားလည်သောသူမရှိ။ ဘုရားသခင်ကိုရှာသော သူမရှိ။ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တစ်ညီတညွတ်တည်း အသုံးမရသောသူ ဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။*** အဖြေမှာ မည်သူမျှ မိမိအစွမ်းဖြင့် ဘုရားသခင်ကိုမရှာနိုင်ဟု ဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်တော်တို့ကို သခင်ယေရှုထံတော်သို့ တွန်းပို့ပါသည်။ ဆွဲခေါ်ပါသည်။ သို့မဟုတ်ပါက ကျွန်တော်တို့မသွားနိုင်ပါ။ ဘုရားသခင်ဖြစ်သော ခမည်းတော်သည် ကျွန်တော်ကိုခေါ်ယူပါသည်။ ရွေးကောက်ပါသည်။ ရွေးချယ်ခန့်အပ်ပြီး သခင်ယေရှုထံတော်သို့ ပို့ဆောင်ပါသည်။ ဘုရားသခင်သည် အပြစ်သားများ ကယ်တင်ခြင်းရရန် ရွေးချယ်(သို့)ခန့်အပ်ကြောင်း သွန်သင်ပါသည်။ ထိုသူတို့သည် ရွေးချယ်ခံထားသူများ (သို့)ရွေးကောက်ခံထားသောသူများ ဖြစ်ကြပါသည်။ ထာဝရအသက်ရရှိရန် ဘုရားသခင်သည် ယောကျာ်းများ၊ မိန်းမများကို ရွေးချယ်ပါသည်။ ဘုရားသခင် စိတ်ဆုံးဖြတ်ချက်မရှိလျှင် အဘယ်သူမှ ထံတော်သို့ မဝင်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကိုယ်တိုင်ထံတော်သို့ ရှာဖွေတိုးဝင်နိုင်သော အစွမ်းမရှိပါ။

အဘယ်ကြောင့်တစ်ချို့ရွေးကောက်ခြင်းခံရပြီး တစ်ချို့ကိုမရွေးသနည်းဟူသော မေးခွန်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာပြီး မည်သို့ ဖြေမည်နည်း။ အဖြေမှာ ကျွန်တော်တို့မသိပါဟူ၍ ဖြစ်ပါသည်။ ဤသည်မှာ အံ့သြဖွယ်နက်နဲရာဖြစ်ပါသည်။ ဤသို့ဆိုလျှင် တစ်စုံတစ်ဦးက ' ဘုရားသခင်သည် မမျှတသော ဘုရားဖြစ်နေပြီးလားဟု မေးလာနိုင်ပါသည်။ ဤမေးခွန်းကို ရှင်ပေါလု ဖြေဆိုထားပါသည်။

***ထိုသို့ဆိုသော ဘုရားသခင်သည် ဂတိတော်မတည်ဟု ငါမဆိုလို။ အကြောင်းမူကား ဣသရေလနှင့် ဆက်နွယ်သော သူအပေါင်းတို့သည် ဣသရေလလူမှန်မဟုတ်။*** ထိုနည်းတူ အာဗြဟံ၏အမျိုးအနွယ်ဖြစ်သော သူအပေါင်းတို့သည် အာဗြဟံ၏ သားမှန်မဟုတ်။ ဣဇာက်၌သာ သင်၏ အမျိုးတည်လိမ့်မည်ဟု ဗျာဒိတ်ရှိ၏။ ထို့ကြောင့် ဇာတိအမျိုးသားတို့သည် ဘုရားသခင်၏သားမှန်မဟုတ်။ ဂတိတော်နှင့်ဆိုင်သော သားတို့သည် အမျိုးအနွယ်မှန်သည်ဟု မှတ်တော်မူ၏ ဂတိတော်အချက်ဟူမူကား ယခုမှစ၍ ကာလအချိန်စေ့သောအခါ၊ ငါလာ၍စာရာသည် သားကိုရလိမ့်မည်ဟု လာသတည်း။

ထိုမျှမက ရေဗက္ကသည် ငါတို့အဘဣဇာတ်နှင့်စုံဘက်၍ ပဋိသန္ဓေစွဲယူသောအခါ ဘုရားသခင် ရွေးကောက်တော်မူခြင်းနှင့် ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့်မတည်၊ ခေါ်တော်မူသော သူ၏အလိုတော်အားဖြင့် တည်မည်အကြောင်းသားမသွားမီ၊ ထိုသားတို့သည်ကောင်းသော အကျင့်၊ မကောင်းသောအကျင့်ကို မကျင့်မီ . . . . . ရောမ ၉ း ၆-၁၁

ရေဗက္ကသည် အမြွှာကို ကိုယ်ဝန်ဆောင်ထားခဲ့သည်။ သားကြီး***ဧသော***နှင့်သားငယ်***ယာကုပ်***တို့ ဖြစ်ကြသည်။ ယင်းကလေးများ မမွေးဖွားမီ ထိုသားတို့သည်ကောင်းသော အကျင့်မကောင်းသောအကျင့်ကို မကျင့်မီပင် ဘုရားသခင်သည် ဓလေ့ထုံးစံအစဉ်အလာနှင့် ဆန့်ကျင်လျှက် ***သားကြီးသည် သားငယ်ထံကျွန်ခံရမည်***ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဘုရားသခင်သည် ဆုံးဖြတ်ချက်ချနိုင်သော အရှင်ဖြစ်ပါသည်။

ဘုရားသခင်သည် မောရှည်ကိုမည်သို့ မိန့်တော်မူသည်ကို ရှင်ပေါလုမှ ကျွန်တော်တို့ကို သတိပေးထားပါသည်။

*သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း။ ဘုရားသခင်သည် မတရားသောအမှုကို ပြုတော်မူသလော။ ထိုသို့မပြောရ။ ဘုရားသခင်က ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ ထို့ကြောင့် လိုချင်သောသူသည် တတ်နိုင်သည် မဟုတ်။ ပြေးသောသူသည်လည်း တတ်နိုင်မည် မဟုတ်။ ကျေးဇူးပြုတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။ ရောမ ၉ း ၁၄-၁၆*

ဘုရားသည် ရွေးချယ်သောအရှင်နှင့်ဆုံးဖြတ်ပေးသော အရှင်ဖြစ်တော်မူပါသည်။ ဤသည်ကား သန့်ရှင်းသော နှုတ်ကပတ်တော်မှ ပေးနေသော သတင်းစကားဖြစ်ပါသည်။ ထို့သို့ဆိုလျှင် အဘယ်ကြောင့် ဘုရားသခင်သည် ကျွန်တော်တို့ကို အပြစ်တင်ပါသနည်းဟု မေးစရာရှိပါသည်။ ဤအချက်ကို ရှင်ပေါလုမှ တိုက်ရိုက်ဖြေဆိုထားပါသည်။

*သို့ဖြစ်လျှင် ဘုရားသခင်သည် အဘယ့်ကြောင့် အပြစ်တင်တော်မူသေးသနည်း။ အဘယ်သူသည် အလိုတော်ကို ဆီးတားဘူးသနည်းဟု ဆိုမည်လော။ ဘုရားသခင်ကိုငြင်းဆန်သော အချင်းလူ သင်သည်ကား အဘယ်သူနည်း . . . . . ရောမ ၉ း ၁၉-၂၀*

ဘုရားသခင်ကို မေးခွန်းမေးမည့်အစား ကျွန်တော်တို့ကို ဤကမ္ဘာမတည်မရှိမှီကပင် ရွေးချယ်ထားခြင်းအတွက် စိတ်နှလုံးထဲမှ ဝမ်းမြောက်ရွှင်လန်းကြပါစို့။

*တမန်တော်တို့၏ ယုံကြည်ချက် တတိယအပိုင်းနှင့် ဒေါက်တာမာတင်လူသာ၏ ရှင်းလင်းချက်*

*သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျွန်ုပ်ယုံကြည်ပါ၏။ သန့်ရှင်းသော တစ်ပါးတည်းသော အသင်းတော်၊ သန့်ရှင်းသူတို့ မိတ်သဟာယရှိခြင်း၊ အပြစ်ဖြေလွှတ်ခြင်း၊ ကိုယ်ခန္ဓာ ရှင်ပြန်ခြင်း၊ ထာဝရအသက်ရှင်ခြင်းကိုလည်း ကျွန်ုပ်ယုံကြည်ပါသည်။ အာမင်*

အထက်ဖော်ပြချက်သည် မည်သည့် အဓိပ္ပါယ်နည်း။**?**

*ကျွန်ုပ်သည် မိမိ၏ဆင်ခြင်တုံတရားအားဖြင့် လည်းကောင်း၊ ခွန်အားသတ္တိအားဖြင့် လည်းကောင်း၊ သခင်ယေရှုခရစ်တော်ဘုရားကို ကျွန်ုပ်၏သခင်အဖြစ် ယုံကြည်ခြင်း(သို့) အထံတော်သို့ ဝင်ရောက်ခြင်းငှာ မတတ်နိုင်ပါဟု ကျွန်ုပ်ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အား ဧဝံဂေလိတရားတော်အားဖြင့် ဖေါ်ဆောင်တော်မူပြီး ဝိညာဉ်တော်ဆုကျေးဇူးဖြင့် သိမြင်ရှင်းလင်းစေခြင်း၊ စစ်မှန်သောယုံကြည်ခြင်းတွင် ရပ်တည်နိုင်ရန် သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် ကျွန်ုပ်ကို ထိန်သိမ်းစောင့်ရှောက်ပေးပါသည်။ ထိုနည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် ခေါ်ဆောင်ခြင်း၊ စုစည်းခြင်း၊ သိမြင့်ရှင်းလင်းစေခြင်း နှင့် သန့်ရှင်းစင်ကြယ်စေခြင်းတို့ကို ကမ္ဘာပေါ်ရှိ တစ်ပါးတည်းသော ခရစ်ယာန်အသင်းတော်အတွက် လုပ်ဆောင်တော်မူပါသည်။ ထို့အပြင် သခင်ယေရှုခရစ်တော်၌ တစ်ခုတည်းသော စစ်မှန်သော ယုံကြည်ခြင်းရှိစေရန် ထိန်းသိမ်းပေးလျှက်ရှိပါသည်။*

*ယင်းတရားတည်းသော ခရစ်ယာန်အသင်းတော်အားဖြင့် ကျွန်ုပ်နှင့်ယုံကြည်သူအားလုံးတို့၏ များပြားစွာသော အပြစ်တို့ကို နေ့စဉ်ရက်ရောစွာဖြင့် ဖြေလွှတ်ပေးလျှက်ရှိနေပါသည်။*

*နောက်ဆုံးသောနေ့ရက်တွင် သခင်ခရစ်တော်သည် ကျွန်ုပ်နှင့်သေလွန်ပြီးသောသူများအားလုံးတို့ကို ရှင်ပြန်ထမြောက်စေတော်မူ၍ သခင်ခရစ်တော်ကို ယုံကြည်သော ကျွန်ုပ်နှင့်တကွ ယုံကြည်သူအားလုံးတို့ကို ထာဝရ အသက်ပေးတော်မူမည်ဖြစ်ကြောင့် ကျွန်ုပ်ယုံကြည်ပါသည်။*

*ဤအချက်သည် အသေချာဆုံးသော အမှန်တရားဖြစ်ပါသည်။*

ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် သင်တို့ပေါ်၌ တည်ပါစေသော။

ရန်ကုန်မြို့
၂၂-၁-၂၀၁၅